# Mingalaba
# မင်္ဂလာပါ

I36 | March - April 23

ADRA



# မဝေ၏ ဇာတ်ကြောင်း

ကရင်ပြည်နယ်ရှိ အမျိုးသမီးများအား စွမ်းရည်မြှင့် အသက်မွေးဝမ်းကျောင်းသင်တန်းပေးခြင်း

Mingalaba
မင်္ဂလာပါ

ISSUE 36 | MARCH - APRIL 2023

## ADRA ၏ အကြောင်း

Adventist Development and Relief Agency (ADRA) သည် သတ္တမနေ့ကို မြော်လင့်ခြင်းအသင်းတော်၏ ကမ္ဘာလုံးဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လက်ရုံးတော်အဖွဲ့တစ်ခုလည်းဖြစ်သည်။ ADRA သည် လူမျိုး၊ နိုင်ငံရေးဆက်နွယ်မှု၊ ကျား၊ မ သို့မဟုတ် ဘာသာရေးအသင်းအဖွဲ့တို့ကို ခွဲခြားခြင်းမရှိဘဲ နိုင်ငံပေါင်း 118 ကျော်ရှိပြည်သူများအတွက် ကယ်ဆယ်ရေးနှင့် ဖွံ့ဖြိုးရေးအကူအညီများကို ပေးအပ်လျက်ရှိသည်။ ဒေသခံလူမှုအဖွဲ့အစည်းများ၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် အတူတကွပူးပေါင်းခြင်းအားဖြင့် ကျွန်ုပ်တို့သည် ယဉ်ကျေးမှုအရ သက်ဆိုင်သော အစီအစဉ်များကို ပေးအပ်နိုင်မည်ဖြစ်ပြီး ရေရှည်တည်တံ့သော ပြောင်းလဲမှုအတွက်လည်း စွမ်းဆောင်ရည်ကို တည်ဆောက်နိုင်မည်ဖြစ်သည်။

## ADRA Myanmar ၏ အကြောင်း

ADRA Myanmar သည် မြန်မာနိုင်ငံတွင် အသိအမှတ်ပြုမှတ်ပုံတင်ထားသော INGO တစ်ခုဖြစ်ပြီး ADRA ကွန်ရက်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်နေသော အဖွဲ့အစည်းလည်းဖြစ်သည်။ ၁၉၈၄ ခုနှစ် တွင် စတင်တည်ထောင်ခဲ့သော ADRA Myanmar သည် နိုင်ငံတစ်ဝန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကယ်ဆယ်ရေးအကူအညီများ ပံ့ပိုးပေးသည့် ADRA ကွန်ရက်အတွင်း ရှေးအကျဆုံးနိုင်ငံရုံးများအနက်မှ တစ်ခုလည်းဖြစ်သည်။ ADRA Myanmar သည် အသက်မွေးဝမ်းကျောင်းမှု၊ ပညာရေး၊ ကျန်းမာရေးနှင့် အရေးပေါ်အခြေအနေတွင်တုံ့ပြန်ဆောင်ရွက်ခြင်းစသည့် အဓိကကဏ္ဍကြီးလေးခုဖြင့် စီမံကိန်းလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိသည်။ ADRA Myanmar ၏ ရုံးချုပ်မှာ ရန်ကုန်မြို့တွင် တည်ရှိပြီး ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်း ဒေသကြီးတို့တွင်လည်း ရုံးခွဲများကို ဖွင့်လှစ်ထားသည်။

# CONTENTS


၂ အယ်ဒီတာအဖွဲ့

၃ ဆောင်းပါး

၄ ကျွန်ုပ်တို့ဝန်ထမ်းနှင့် တွေ့ဆုံခြင်း

၅ ယခုလ ဓာတ်ပုံကဏ္ဍ

၆ နောက်ဆုံးရ စီမံကိန်း အချက်အလက်များ


# EDITORIAL


**EDITOR/TRANSLATOR**
Pyae Phyo Lin

**SUPERVISING EDITOR**
Vitalie Zegera

**CONTRIBUTERS**
Nilar Win Naing, Moe July Aung, Kap Khan Mung , Htet Htet Shein, Nan Khin Khin Tun, Aung Cho Min, Theint Theint Khaing.

**PUBLISHER**
ADRA Myanmar


*'Mingalaba' is the official newsletter of ADRA Myanmar re-launched in March 2020. Photos and content are the property of ADRA Myanmar.



# မဝေ၏ ဇာတ်ကြောင်း

ကျွန်မနာမည်က မဝေဖြစ်ပြီး ဘားအံမြို့မှာ မိသားစုနဲ့ အတူနေပါတယ်။ ကျွန်မတို့မိသားစုမှာ မိသားစုဝင်ငါးယောက်ရှိပြီး သမီးလေးတစ်ယောက်ရှိပါတယ်။ ကျွန်မတို့ရွာမှာ အများစုက တောင်ယာလုပ်ငန်းကို လုပ်ကိုင်ကြပါတယ်။ မိဘတွေကလည်း လယ်ယာလုပ်ငန်းနဲ့ အသက်မွေးဝမ်းကြောင်းပြုကြပါတယ်။

မွေးရပ်မြေမှာ အလုပ်အကိုင် အခွင့်အလမ်းနည်းပါးတာကြောင့် အသက် ၁၈ နှစ်မှာပဲ ထိုင်းနိုင်ငံ ဘန်ကောက်ကို ပြောင်းရွှေ့နေထိုင်ခဲ့ပါတယ်။ အဲဒီမှာ ၁၃ နှစ်နေခဲ့တယ်။ နောက်တော့လည်း ဒီမှာအလုပ်ရှာဖို့အတွက် အိမ်ကိုပြန်လာခဲ့ပါတယ်။

တစ်နေ့တော့ ဘားအံမှာ ရက်တိုသင်တန်းပေးနေတဲ့ ADRA Myanmar ရဲ့ SEAQE2 စီမံကိန်းအကြောင်း သိလိုက်ရတယ်။ အဲဒါနဲ့အရမ်းစိတ်ဝင်စားသွားပြီး သင်တန်းမှာ စာရင်းသွင်းဖို့ စိတ်ကူးရသွားတယ်။

သင်တန်းပြီးသွားတော့လည်း စီမံကိန်းကနေ ထောက်ပံ့ကြေးကို လျှောက်ထားပြီး လက်ခံရရှိခဲ့ပါတယ်။ အဲလို ထောက်ပံ့ငွေရတဲ့အခါ ဆံပင်ပုံသွင်းဖို့အတွက် လိုအပ်တဲ့ပစ္စည်းကိရိယာတွေကို ဝယ်ယူခဲ့ပါတယ်။ အဲဒီနောက် ရန်ကုန်မှာ သူငယ်ချင်းတစ်ယောက်နဲ့ ဖက်စပ်လုပ်ငန်းလေးတစ်ခုလုပ်တယ်။ လုပ်ငန်းစစချင်းမှာ အခက်အခဲအနည်းငယ်ရှိခဲ့ပေမယ့် လုပ်ငန်းခွင်မှာ ဆက်လက်လေ့လာသင်ယူခြင်းဖြင့် အခုဆို လုပ်ငန်းကို ကောင်းမွန်စွာ လည်ပတ်နိုင်နေပြီဖြစ်ပါတယ်။ ဝင်ငွေအနေနဲ့ တစ်ရက်ကို ငါးသောင်းကနေ ခုနစ်သောင်းကျပ် ရရှိခဲ့ပါတယ်။

သင်တန်းမှရရှိလာသည့် အသိပညာဗဟုသုတတွေကြောင့် လုပ်ငန်းအသေးစားကို စတင်နိုင်ခဲ့ပြီး ဝင်ငွေများရရှိစေပါသည်။ ယင်းရလဒ်အနေနဲ့ မိသားစုကို လတိုင်း ထောက်ပံ့နိုင်ခဲ့ပါတယ်။

ရှေ့ဆက်လုပ်မယ့် လုပ်ငန်းအောင်မြင်မှုရဖို့အတွက် လိုအပ်ချက်တွေကို ဖြည့်ဆည်းဖို့ ကြိုးစားသွားမှာပါ၊ ပြီးတော့ ကျွန်မရဲ့ အိပ်မက်ကတော့ တစ်ချိန်ချိန်မှာ ငွေကြေးအခက်အခဲတွေကနေ လွတ်မြောက်ဖို့နဲ့ လူသားချင်းစာနာတဲ့ အလုပ်တွေကိုလည်း လုပ်နိုင်မှာပါ။ ဝင်ငွေကို မိသားစုအတွက်သာမက လုပ်ငန်းကို ဆက်လက်တိုးချဲ့သွားဖို့အတွက်လည်း အသုံးပြုသွားမှာပါ။

> “လုပ်ငန်းလေးလုပ်ဖို့နဲ့ ကျွမ်းကျင်မှုသင်တန်းတွေကို ပံ့ပိုးပေးခဲ့တဲ့ ADRA နဲ့အလှူရှင်ကိုလည်း အထူးပဲ ကျေးဇူးတင်ပါတယ်။အားလုံး ကျန်းမာချမ်းသာကြပါစေလို့ ဆုမွန်ကောင်းတောင်းပေးပါတယ်”

ကျွန်ုပ်တို့ဝန်ထမ်းနှင့်
တွေ့ဆုံခြင်း



# THAWDAR WIN

## Public Health Promoter

**Q1** ဘာလူမျိုး / ဘယ်နိုင်ငံသားပါလဲ။
ဗမာ၊ မြန်မာ

**Q2** အကြိုက်ဆုံးအစားအစာက ဘာပါလဲ။
အစပ်အစားအစာ

**Q3** အကြိုက်ဆုံးအရောင်က ဘာအရောင်ပါလဲ။
ကြည့်ကောင်းတဲ့ဘယ်အရောင်မဆိုပါ။

**Q4** ပျော်ရွှင်ဖို့အတွက် ဘာကိုလုပ်ရတာ အကြိုက်ဆုံးလဲ။
စက်ဘီးစီးတာ၊ တောင်တက်ရတာ

**Q5** ဘယ်နေရာဒေသ ဒါမှမဟုတ် ဘယ်နိုင်ငံကို သွားရောက်လည်ပတ်ချင်ပါသလဲ။
Dubai

**Q6** ကိုယ့်ကိုယ်ကိုယ် စကားလုံးတစ်လုံးတည်းနဲ့ ဘယ်လိုအဓိပ္ပာယ်ဖွင့်ချင်လဲ။
Diligent

**Q7** ADRA ကိုဘယ်တုန်းက စတင်ဝင်ရောက်ခဲ့တာပါလဲ။
2021

**Q8** ADRA မှာ အလုပ်လုပ်ရတာ ဘာကြောင့်ကြိုက်နှစ်သက်ပါသလဲ။
ကိုယ့်အရည်အချင်းတွေကို အသုံးချခွင့်ရရှိတာကြောင့်ပါ။

ADRA

# ကျွန်ုပ်တို့အဖွဲ့နှင့် လက်တွဲပါ

Adventist Development and Relief Agency (ADRA) သည် ကမ္ဘာတစ်ဝန်းရှိ ထိခိုက်လွယ်သော လူမှုအသိုင်းအဝန်းထံသို့ အကူအညီများပေးအပ်နိုင်ရန်အတွက် နိုင်ငံများအသီးသီးတွင် အကူအညီပေးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ADRA Myanmar သည်လည်း ADRA ကွန်ရက်အတွင်း ‘အကောင်အထည်ဖော်ဆောင်ရွက်နေသော မြန်မာနိုင်ငံဆိုင်ရာရုံး ဖြစ်ပါသည်။

ကျွန်ုပ်တို့၏ဝဘ်ဆိုဒ် www.adramyanamr.org သို့ ဝင်ရောက်ကြည့်ရှုပါ။ သို့မဟုတ် သင့်စိတ်ပါဝင်စားမှုအတွက် recruitment@adramyanmar.org သို့ အခုပင်မေးလ်ပေးပို့လိုက်ပါ။

# ယခုလအတွက် ဓာတ်ပုံ



ဓာတ်ပုံ၏အကြောင်း

ယခုလတွင် LIFT မှ ပံ့ပိုးပေးသော VESI စီမံကိန်းပြီးဆုံးခဲ့ပြီဖြစ်ရာ စီမံကိန်းအဖွဲ့သည် စီမံကိန်းလုပ်ငန်းများအားလုံးကို သေချာစွာ ပြီးမြောက် အောင်မြင်စွာဖြင့် ဆောင်ရွက်နိုင်ခဲ့သည်။

# CONTACT US

**The Adventist Development & Relief Agency Myanmar**
Apartment 3-2, 4th Floor, Block A, E Condominium,
Zay North Street (Off U Wisara Road),
Dagon Township, Yangon MYANMAR 11191

Phone: +95 1 240 900
Email: admin@adramyanmar.org
Website: adramyanmar.org

# TENDER

**CALL FOR TENDERS**
**TEACHING AND LEARNING MATERIALS**

ADRA Myanmar are calling for suppliers to provide Teaching and Learning Materials and stationary in our BRIGHT project funded by Global Affairs Canada and ADRA Canada.
Visit: www.adramyanmar.org/tenders
Deadline: 27 April 2023

# နောက်ဆုံးရ စီမံကိန်း အချက်အလက်များ





## ReCAP

ယခုလတွင် ReCAP စီမံကိန်းသည် အောက်ပါ လုပ်ငန်းများကို ပြီးမြောက်ခဲ့သည်။

– စီမံကိန်းပြန်လည်သုံးသပ်ခြင်း အစည်းအဝေးကို ရန်ကုန်မြို့ Submit Parkview Hotel နှင့် ထိုင်းနိုင်ငံ မဲဆောက်မြို့ရှိ Eco Inn Hotel တွင်ပြုလုပ်ခဲ့ပြီး စီမံကိန်း၏ တိုးတက်မှုတို့ကို အကဲဖြတ်ဆောင်ရွက်ခဲ့သည်။ ထိခိုက်လွယ်သူများအတွက် မရှိမဖြစ်လိုအပ်သော ဝန်ဆောင်မှုများ ပေးနေရာတွင် ရင်ဆိုင်ခဲ့ရသော စိန်ခေါ်မှုများနှင့် အခက်အခဲများကိုလည်း အဓိကထား ဆွေးနွေးခဲ့သည်။

– စီမံကိန်းသည် ကရင်ပြည်နယ်၊ ဖာပွန်မြို့နယ်၊ စီမံကိန်းပစ်မှတ်ကျေးရွာရှိ လက်ရှိရေအရင်းအမြစ်နှင့် ရေပိုက်လိုင်းများအား ပြန်လည်ပြုပြင်မွမ်းမံခြင်းလုပ်ဆောင်ခဲ့သည်။ ဤပံ့ပိုးကူညီမှုမှနေ၍ စစ်ရှောင်များသည် သန့်ရှင်းသောရေရရှိရန် ဤရေပေးဝေရေးစနစ်မှ တိုက်ရိုက်အကျိုးခံစားခဲ့ရပါသည်။

– ထို့ပြင်စီမံကိန်းသည် အဆိုပါရေပေးဝေမှုစနစ်တွင် CBT စမ်းသပ်ကိရိယာဖြင့် E-coli စမ်းသပ်ခြင်းကိုလည်း ဆောင်ရွက်ခဲ့သည်။





## SEAQE2

ယခုလတွင်၊ Norad နှင့် ADRA နော်ဝေးမှ ရန်ပုံငွေထောက်ပံ့ထားသော SEAQE2 စီမံကိန်းသည် အောက်ပါလုပ်ငန်းများကို ပြီးမြောက်ခဲ့သည်။

– လုပ်ငန်းခွင်သန့်ရှင်းရေးနှင့် ပစ္စည်းစုဆောင်းခြင်းအပါအဝင် လုပ်ငန်းအမျိုးအစားအမျိုးမျိုးအားဖြင့် စာသင်ကျောင်းဆောက်လုပ်မှုမှာ ၅၉ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။ လုပ်ငန်းခွင်ကို စောင့်ကြည့်လေ့လာခြင်းကို အပတ်စဉ်ပြုလုပ်နေပြီး လိုအပ်သလို နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုများကိုလည်း လုပ်ဆောင်ပေးလျက်ရှိသည်။

– စီမံကိန်းသည် မတ်လတွင် ဆရာဖြစ်သင်တန်းကို ကျင်းပခဲ့သည်။ ဤသင်တန်းတွင် SEM Mission၊ AYM Mission၊ CMM Mission နှင့် SEM မှ ACS ဆရာများ သို့မဟုတ် ကိုယ်စားလှယ်များမှ ASAP အထောက်အကူပြု ဆရာများ ပါဝင်သော သင်တန်းသား ၁၁၆ ဦး ပါဝင်ခဲ့ပါသည်။

– NFE အတန်းများကို မတ်လ 2023 တွင် စတင်မည်ဖြစ်ပြီး စုစုပေါင်း ကျောင်းသား ၅၂ ဦး စာရင်းသွင်းမည်ဖြစ်သည်။ အဆိုပါအစီအစဉ်သည် သုံးလခွဲကြာမည်ဖြစ်ပြီး အစီအစဉ်တွင် တာဝန်ပေးထားသည့် ဆရာ ၃ ဦးဖြင့် အဆင့်သုံးဆင့်ပါဝင်မည်ဖြစ်သည်။










# နောက်ဆုံးရ စီမံကိန်း အချက်အလက်များ









## WC4P

UNICEF မှ ရန်ပုံငွေထောက်ပံ့မှုဖြင့်ဆောင်ရွက်နေသော WC4P စီမံကိန်းသည် အောက်ပါလုပ်ငန်းများကို ပြီးမြောက်ခဲ့ပါသည်။

– လှိုင်းဘွဲ့မြို့နယ်ရှိ ကျေးရွာ (၄) ရွာအတွက် ရည်မှန်းထားသည့် စီမံကိန်းအတွက် မြေဆွဲအားကျွေးသည့် ရေပေးဝေရေးစနစ် တည်ဆောက်မှုမှာ ပြီးစီးလုနီးပါးဖြစ်သည်။

စီမံကိန်းအဓိကဆောင်ရွက်ရာ အလုပ်သမားများ၏ ပံ့ပိုးကူညီမှုဖြင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို ချောင်းတစ်လျှောက်ပိုက်လိုင်းတည်ဆောက်မှုမှာ ပြီးစီးခဲ့သည်။ ဆောက်လုပ်မှုအားလုံးသည် ၂၀၂၃ ခုနှစ် ဧပြီလကုန်တွင် ပြီးစီးမည်ဖြစ်သည်။ တည်ဆောက်မှုအပြီးတွင် အိမ်ထောင်စု ၁၆၆ စုမှ ရပ်ရွာလူထု ၉၇၅ ဦးကို ရေပေးဝေရေးစနစ် တည်ဆောက်ခြင်းဖြင့် အကျိုးကျေးဇူးရရှိမည်ဖြစ်သည်။

## WinS

UNICEF မှ ရန်ပုံငွေထောက်ပံ့မှုဖြင့်ဆောင်ရွက်နေသော (WinS) စီမံကိန်းသည် အောက်ပါလုပ်ငန်းများကို ပြီးမြောက်ခဲ့သည်။

– ရေပေးဝေရေးစနစ် တည်ဆောက်ခြင်းအတွက် အမြင့်ပေ အကဲဖြတ်ခြင်းဆိုင်ရာ GPS စစ်တမ်းကို စီမံကိန်း ပြီးမြောက်ခဲ့သည်။

– WinS စီမံကိန်းပစ်မှတ်ကျောင်း ခုနစ်ကျောင်းရှိ ကျောင်းသူလေးများအတွက် မီးယပ်ကျန်းမာရေး စီမံခန့်ခွဲမှု အသိပညာပေးဆွေးနွေးပွဲများကို ပြုလုပ်ခဲ့ပါသည်။

– ကျေးရွာနှစ်ရွာတွင် တစ်ကိုယ်ရေသန့်ရှင်းမှု အသိပညာပေးဟောပြောပွဲကို ပြီးမြောက်ခဲ့ပြီး ပညာရေးဝန်ထမ်း ဆရာ၊ဆရာမ ၃၉ ဦး အသိပညာပေးခဲ့သည်။

– ကျောင်းဆရာများအတွက် တစ်ကိုယ်ရေသန့်ရှင်းမှုဆိုင်ရာ အသိပညာပေး ToT သင်တန်းကို ပြုလုပ်ခဲ့သည်။ ဆရာမ စုစုပေါင်း ၅၀ ကျောင်းမှ ဆရာ၊ဆရာမများ ပါဝင်သင်ကြားခဲ့သည်။









## နောက်ဆုံးရ စီမံကိန်း အချက်အလက်များ










## BRIGHT

ယခုလတွင်၊ Global Affairs Canada နှင့် ADRA Canada မှ ရန်ပုံငွေထောက်ပံ့ထားသော BRIGHT စီမံကိန်းသည် စီမံကိန်းလုပ်ငန်း တစ်စိတ်တစ်ပိုင်းအနေဖြင့် ဒီမောဆိုနှင့် ဖရူဆို မြို့နယ်နှင့် လားရှိုးမြို့နယ်တို့တွင် မတ်လ ၈ ရက်နေ့က အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများ နေ့ကို ကျင်းပခဲ့သည်။

“၂၀၂၃ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများ နေ့” ၏ ဆောင်ပုဒ်မှာ ကျားမတန်းတူညီမျှ ရေးအတွက် ဆန်းသစ်တီထွင်မှုနှင့် နည်းပညာ ဖြစ်သည်။

အခမ်းအနားတွင် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ သမိုင်းကြောင်း၊ အမေးအဖြေ ကဏ္ဍ၊ ယဉ်ကျေးမှုအက၊ တီရှပ်များဝေငှခြင်း၊ ကစားနည်းများဆော့ကစားခြင်း၊ အမျိုးသမီး များအတွက် ဖက်ရှင်ရှိုးများ၊ အတွေ့အကြုံများ နှင့် စိန်ခေါ်မှုများ မျှဝေခြင်း စသည်ကဏ္ဍများ ပါဝင်ခဲ့သည်။

## SHAPE

MFAT နှင့် ADRA New Zealand မှ ရန်ပုံငွေ ထောက်ပံ့ပေးထားသော SHAPE စီမံကိန်း သည် အောက်ပါလုပ်ငန်းများကို ပြီးစီးခဲ့သည်။

– စီမံကိန်းကျေးရွာနှစ်ရွာတွင် ရေပေးဝေမှု ထိန်းသိမ်းရေး အစည်းအဝေးများကို ပြုလုပ် ခဲ့ရာ ဒေသခံ ၆၄ ဦးတက်ရောက်ခဲ့သည်။ အစည်းအဝေး၏ အဓိက ရည်ရွယ်ချက်များမှာ ရေထုညစ်ညမ်းမှုကို တားဆီးရန်၊ ရေဝေရေလဲ များ လျော့နည်းလာခြင်းနှင့် အရေးပါသော ဒေသများ ထိန်းသိမ်းနိုင်ရေးအတွက်ဖြစ်သည်။

– စီမံကိန်းရွာ ၁၂ ရွာရှိ စေတနာ့ဝန်ထမ်းများ အား ၎င်းတို့၏ ကျွမ်းကျင်မှုနှင့် အသိပညာများ တိုးတက်စေရန်အတွက် ကျွမ်းကျင်မှု ဖွံ့ဖြိုး တိုးတက်ရေး သင်တန်းကို ပို့ချပေးခဲ့သည်။ SHAPE စီမံကိန်းဝန်ထမ်းများမှ ပံ့ပိုးပေးသော သင်တန်းအကြောင်းအရာများမှာ ဘဏ္ဍာရေး မျှဝေမှု၊ ထောက်ပံ့ပို့ဆောင်မှု၊ အခြေခံ ကွန်ပျူတာ၊ စိုက်ပျိုးရေး၊ အိမ်တွင်းဥယျာဉ် စိုက်ပျိုးခြင်းနှင့် သဘာဝအရင်းအမြစ်စီမံခန့်ခွဲ မှုတို့ဖြစ်သည်။

– SHAPE စီမံကိန်းစတင်ခြင်း အစည်းအဝေး ကို မတ်လ ၂၉ ရက်နေ့မှ ၃၁ ရက်နေ့အထိ ပြုလုပ်ခဲ့သည်။ အဆိုပါဆွေးနွေးပွဲကို အွန် လိုင်းမှတစ်ဆင့်ကျင်းပခဲ့ပြီး ADRA စီမံကိန်း ဝန်ထမ်းများနှင့် ရန်ကုန်ရုံးမှဝန်ထမ်းများ လည်း ပါဝင်ဆွေးနွေးပြောကြားခဲ့သည်။









# နောက်ဆုံးရ စီမံကိန်း အချက်အလက်များ










## CASE2Learn

ဥရောပသမဂ္ဂ၏ ရန်ပုံငွေထောက်ပံ့မှုဖြင့် ဆောင်ရွက်နေသော CASE2Learn စီမံကိန်းသည် ယခုလတွင် အောက်ပါလုပ်ငန်းများကို ပြီးမြောက်ခဲ့သည်။

– ကလေးမြို့နယ်တွင် ECCD အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခဲ့ပြီး ECCD ဆရာဆရာမ ၃၀ ဦးတက်ရောက်ခဲ့သည်။ သင်တန်းကာလအတွင်း ECCD ဆရာများကိုလည်း ထောက်ပံ့ကြေးများပေးအပ်ခဲ့သည်။

Living Hope Myanmar Ministries (LHMM) အဖွဲ့သည် ADRA နှင့် RISE အဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် အသက်မွေးဝမ်းကျောင်းသင်တန်း သင်ရိုးညွှန်းတမ်း၊ သက်မွေးပညာ(VT)ပစ္စည်းများ ဝယ်ယူရေးလုပ်ငန်းစဉ်နှင့် VT ကျောင်းသားများအတွက် ရွေးချယ်မှု စံနှုန်းများ ဖွံ့ဖြိုးတိုးတက်ရေး အစရှိသည့် အသက်မွေးဝမ်းကျောင်းသင်တန်းအတွက် ပြင်ဆင်လျက်ရှိသည်။ သက်မွေးပညာသင်တန်းကို မတ်လ ၂၀ ရက်နေ့မှစ၍ အပ်ချုပ်သင်တန်းဖြင့် စတင်သင်ကြားမည်ဖြစ်သည်။

– ADRA နှင့် RISE သည် မိတ်ဖက်များအတွက် HR၊ Procurements ကဏ္ဍများအပြင် ဘဏ္ဍာရေးဆိုင်ရာသင်တန်းကိုလည်း ပေးခဲ့သည်။

– Organizational Development OD သင်တန်းကို ဖေဖော်ဝါရီလ ၂၇ ရက်နေ့မှ မတ်လ ၃ ရက်နေ့အထိ ပြုလုပ်ခဲ့သည်။

## ADRA Finance Training

ADRA Myanmar ရန်ကုန်နှင့် စီမံကိန်းရုံးများမှ ဘဏ္ဍာရေးဆိုင်ရာဝန်ထမ်းများသည် ရန်ကုန်မြို့ Park Royal ဟိုတယ်တွင် လေးရက်ကြာ ဘဏ္ဍာရေးဆိုင်ရာသင်တန်းကို ပို့ချပေးခဲ့သည်။ ယင်းအလုပ်ရုံဆွေးနွေးပွဲကို ADRA Myanmar Finance Department မှ ဦးဆောင်ကျင်းပခဲ့ခြင်းဖြစ်သည်။

သင်တန်းကာလအတွင်း ADRA မူဝါဒနှင့် အလှူရှင်လိုက်နာမှုဆိုင်ရာ ဆွေးနွေးမှုများနှင့် Sunplus ဆော့ဖ်ဝဲလ်အသုံးပြုခြင်းနှင့် ဘဏ္ဍာရေးဆိုင်ရာစီမံခန့်ခွဲမှုဆိုင်ရာ သင်တန်းများကို သင်ကြားပေးခဲ့သည်။
















# Global Youth Day 2023

Seventh day adventist church နှင့် ADRA Myanmar တို့သည် ၂၀၂၃ ခုနှစ် မတ်လ ၁၈ ရက်နေ့တွင် ကမ္ဘာလုံးဆိုင်ရာ လူငယ်များနေ့ လှုပ်ရှားမှုကို အတူတကွ ဆင်နွှဲခဲ့ကြသည်။

"Love is a Verb" ဆောင်ပုဒ်ဖြင့် ယခုနှစ် ကမ္ဘာလုံးဆိုင်ရာ လူငယ်များနေ့ကို ရန်ကုန်မြို့၌ ကျင်းပခဲ့ပြီး လူငယ်များသည် လူမှုအသိုင်းအဝိုင်းအတွက် ကူညီဖေးမပါဝင်ဆောင်ရွက်ခဲ့ကြသည်။

ADRA Myanmar ဝန်ထမ်းများပါဝင်သော လူငယ်အဖွဲ့သည်လည်း ရန်ကုန်မြို့ရှိ ဘိုးဘွားရိပ်သာအချို့ဆီသို့ သွားရောက်၍သက်ကြီးရွယ်အိုများအား သီချင်းဆိုပြခြင်း၊ သန့်ရှင်းရေးပြုလုပ်ပေးခြင်း၊ လက်ဆောင်နှင့် အစားအသောက်များထောက်ပံ့ပေးခြင်းတို့ကို လုပ်ဆောင်၍ ကမ္ဘာလုံးဆိုင်ရာ လူငယ်များနေ့ကို ဆင်နွှဲခဲ့သည်။

အဆိုပါ လှုပ်ရှားမှုအတွင်း သက်ဆိုင်ရာ မြို့နယ်အသင်းတော်များမှ လူငယ်အဖွဲ့များကလည်း ဟင်းချက်ဆီ၊ ဆန်၊ ပဲ၊ အာလူး၊ အချိုရည်နှင့် အစားအစာများကို ဒလမြို့နယ်၊ လှိုင်သာယာမြို့နယ်၊ အင်းစိန်မြို့နယ်နှင့် ဗဟန်းမြို့နယ်တို့မှ ထိခိုက်လွယ်သော အိမ်ထောင်စုများသို့ ဖြန့်ဝေပေးခဲ့သည်။















# ဝန်ထမ်းသစ် မိတ်ဆက်





**THEINT THEINT KHAING**
M&E Officer
SHAPE Project



**THEIN KYAW WIN**
Procurement & Logistics Officer
ReCAP Project



**KHINE NWE OO**
Field Admin/ Finance Assistant
BRIGHT Project

# CALENDAR





## APRIL 2023

| SUN တနင်္ဂနွေ | MON တနင်္လာ | TUE အင်္ဂါ | WED ဗုဒ္ဓဟူး | THU ကြာသပတေး | FRI သောကြာ | SAT စနေ |
|---|---|---|---|---|---|---|
| 30 | | | | | | 1 |
| 2 | 3 | 4 | 5 | 6 | 7 | 8 |
| 9 | 10 နှစ်သစ်ကူးပိတ်ရက် | 11 နှစ်သစ်ကူးပိတ်ရက် | 12 နှစ်သစ်ကူးပိတ်ရက် | 13 သင်္ကြန်အကြို | 14 သင်္ကြန်အကျ | 15 သင်္ကြန်အကြတ် |
| 16 သင်္ကြန်အတက် | 17 နှစ်ဆန်း ၁ ရက် | 18 | 19 | 20 | 21 | 22 |
| 23 | 24 | 25 | 26 | 27 | 28 | 29 |

### UPCOMING EVENTS

Timesheets are due on the 25th of each month.

**'MINGALABA'**
Next Volume:
15 May 2023

ADRA